# ကျွန်ုပ်မကြိုက်သောအရာ



မိခင်တစ်ယောက်အနေဖြင့် အပြန်အလှန် သုံးသပ်ကြည့်လျှင် ကျွန်မ၌ မည်ကဲ့သို့သော သားမျိုးရှိသည်ကို သိခဲ့ရသော တဒင်္ဂအချိန်လေးအား အတိအကျ ထောက်ပြနိုင်သည်ဟု ထင်မိသည်။ ကျွန်မ-တို့ နှစ်ဦး နေ့လည်စာ အမြန်စားသုံးနိုင်ရန်အတွက် ဟင်းသီးဟင်းရွက် ဟင်းချိုဗူးကို ကျွန်မ ဖွင့်လိုက်ပါသည်။ သူသည် (၇)နှစ်သားအရွယ်ဖြစ်ပြီး ပြတ်ပြတ်သားသားပင် ဟင်းသီးဟင်းရွက် ဟင်းချိုကို မနှစ်သက်ကြောင်း ဖော်ပြခဲ့ပါသည်။ ကျွန်မသည် မိဘတစ်ဦး၏ စိတ်အနှောင့်အယှက်ဖြစ်မှုမျိုးဖြင့် ပြန်ဖြေခဲ့သည်မှာ "ကောင်းပြီ ဘုရားသခင် ငါတို့ကို ပေးသနားတဲ့ အစား စာကို မင်းဝေဖန်တော့မယ်ဆိုရင် ဒီအပေါ်မှာ ကောင်းချီးပေးဖို့အတွက်လည်း မင်းဆုတောင်းနိုင်တယ်"။

သူ၏ မျက်လုံးနက်များကိုပိတ်ပြီး ဆံပင်များ လိမ်ကောက်နေသည့် ဦးခေါင်းကို ငုံ့လိုက်ကာ "ချစ်စွာသော ဘုရားသခင်၊ ကျွန်တော်မကြိုက်သော အရာအတွက်ကိုပင် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ အာမင်"ဟု တောင်းဆိုလိုက်ပါသည်။

ထို့နောက် မျက်နှာရှုံ့သိုးသိုးလုပ်ခြင်း (သို့) မျက်မှောင်ကြုတ်ခြင်း (သို့) စူးစူးဝါးဝါးအော်ခြင်းများ မပြုလုပ်ဘဲ ချိုမြိန်သော နာခံမှုဖြင့် သူသည် ဟင်းသီးဟင်းရွက် ဟင်းချိုကို သောက်ခဲ့ပါသည်။

အဖြစ်အပျက်သည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀) က ဖြစ်ပါသည်။ ထိုကြားကာလအတွင်း သူသည် မနှစ် မြို့ဖွယ် တာဝန်များ အတွေ့အကြုံများနှင့် ရှုံးနိမ့်မှုများအားလုံးကို ဟင်းသီးဟင်းရွက် ဟင်းချိုပန်းကန်ကို အနိုင်ယူခဲ့သည့်နည်းအတိုင်း သူအနိုင်ယူခဲ့ပါသည်။ ညည်းညူခြင်း (သို့) မကျေမနပ် ဖြစ်ခြင်း လုံးဝမပြုခဲ့ပါ။

ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူက ကြားနိုင်လောက်အောင်ပြောသည့်စကားမှာ ချစ်စွာသော ဘုရားသခင်၊ ကျွန်တော် မကြိုက်သော အရာအတွက်ပင်လျှင် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။ အာမင်ဟူ၍ ဖြစ်ပါသည်။ ဘဝ၏ အဆင်မပြေခြင်းများ၌ပင် ယင်းသည် သူ၏ သဘောထားဖြစ်နေဆဲပင်ဖြစ်သည်။

ယင်းသဘောထားသည် မကြာခဏ ကျွန်မခံယူသည့် သဘောထားမဟုတ်ကြောင်း ကျွန်မ ဝန်ခံပါသည်။ ဤ အကြောင်းကြောင့် ယခုသူသည် ယုံကြည်သူများ အစုအဝေး၏ သင်းအုပ်ဆရာတစ်ပါး ဖြစ်လာခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ကျွန်မသည် ထိုအဖွဲ့ဝင်များထဲမှ တစ်ဦးမျှသာ ဖြစ်ပါသည်။

- Isabel Champ

# မကောင်းသောအရာများ ဖြစ်လာသောအခါ

## When Bad Things Happen

ဆိုးသောအရာများသည် သင့်အပေါ်နှင့် အခြား သိက္ခာရှိသောသူများအပေါ်သို့ အဘယ်ကြောင့် ကျရောက်လာရပါသနည်းဟု သင်တွေးတော မိပါသလား။ ထိုမေးခွန်းကို မေးခြင်းဖြင့် သင်၌ ကောင်းသောအဖော် ရှိနေပြီ ဖြစ်သည်။ ဆာလံကျမ်းတွင် မှတ်တမ်းတင်ထားသည့်အတိုင်း ဓမ္မဟောင်း ခေတ်မှ ဒါဝိဒ်မင်းကြီးသည်လည်း ထိုမေးခွန်းမျိုးမေး၍ဘုရားသခင်ထံ ငိုကြွေးလျှောက်ထားခဲ့ဖူးပါသည်။ "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။ အကျွန်ုပ်ကို မကယ်တင်ဘဲ အဘယ်ကြောင့် အဝေးမှာ နေတော်မူသနည်း။ (ဆာလံ ၂၂း၁)

ဆာလံကျမ်းတွင် ဒါဝိဒ်သည် အလွန်စိတ်ဓါတ်ကျနေပြီး သူသည် ပိုးကောင်ထက်ပင် မသာလွန်ကြောင်း ပြောထားပါသည်။ (၂၂း၆) သူသည် စိတ်ဓာတ်အလွန်ကျနေ၍ ရယ်စရာအနေဖြင့် ပြောရလျှင် သူသည် ပိုးကောင်လေး၏ ခြေကျင်းဝတ်ကို ကုတ်ခြစ်ရန်အတွက်ပင်လျှင် အပေါ်သို့ လက်လှမ်း ရမည်ဖြစ်သည်။

ဒါဝိဒ်မင်းသည် ပူဆွေးနေသော်လည်း သူ၏ နှလုံးသားမှ ငိုကြွေးခြင်းကို အကောင်းမြင်သည့် သဘောထားဖြင့် အဆုံးသတ်ခဲ့သည်ကို ထို ဆာလံကျမ်းတွင်ပင် သင်ဖတ်ရပါလိမ့်မည်။

အကြောင်းမူကား နှိမ့်ချလျက်ရှိသောသူ၏ နှိမ့်ချသော-အဖြစ်ကို မထီမဲ့မြင်ပြုတော်မူသည်မဟုတ်၊ မျက်နှာတော်ကိုမလွှဲ၊ အော်ဟစ်သောအခါ နားထောင်တော်မူပြီ။ နှိမ့်ချလျက်ရှိသော သူတို့သည် ဝစွာစားရကြလိမ့်မည်။ သင်တို့ စိတ်နှလုံးသည် အစဉ်အမြဲ အားဖြည့်ရလိမ့်မည်။ (ဆာ ၂၂း၂၄၊ ၂၆-၂၇)

ဒါဝိဒ်သည်သူမည်မျှခံစားရလင့်ကစား သူ၏စိတ်ဓါတ်ကျခြင်းကို ဘုရားသခင်အား ချီးမွမ်းခြင်းဖြင့် ကျော်လွှားနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့လည်း ထိုအတိုင်း မပြုလုပ်သင့်ဘူးလား။

(ဆုတောင်းချက်) ကိုယ်တော်ပြုသမျှအားလုံးအတွက် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်နားမလည်သောအရာများကို ယုံကြည်ခြင်းဖြင့် ပတ်စည်းလျက်ကိုယ်တော်ထံအပ်နှံပါ၏။ ကိုယ်တော်၏ အကောင်းဆုံး အချိန်တွင် ကျွန်ုပ်အား ဖော်ပြပေးတော်မူပါ။ ကျွန်ုပ် နားမလည်နိုင်သည့် အခါ၌ပင်လျှင် ကိုယ်တော်သည် အမြင့်ဆုံးသော ဘုရားဖြစ်သည့်အတွက်နှင့် ကိုယ်တော်၏ ကောင်းမြတ်ခြင်းအတွက် ကိုယ်တော့်ကို ကျွန်ုပ်ချစ်ပါ၏။ ကိုယ်တော်သည် အရာခပ်သိမ်းကို အမှန်တကယ် ကောင်းစွာ လုပ်ဆောင်ပေးသောကြောင့် ကိုယ်တော့်ကို ချီးမွမ်းပါ၏။

- Curtis Peter Van Gorder